# ဒုံးချင်းကဗျာနှင့် စာဆို၏ဟာသညဏ်

ကြူကြူဟန်[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကုန်းဘောင်ခေတ်စာဆိုများ၏ ဒုံးချင်းကဗျာများမှ စာဆိုတို့၏ဟာသညဏ် ကို ဖော်ထုတ်ထားပါသည်။ ဒုံးလွှတ်သည့် အလေ့အကျင့်များမှတစ်ဆင့် ဒုံးချင်းကဗျာများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဒုံးလွှတ်ရာတွင် အဖွဲ့လိုက်ပြိုင်ဆိုင်ကြသည်။ စာဆိုတို့၏ ဟာသညဏ်ရည် အစွမ်းကြောင့် ဒုံးလွှတ်ပွဲများသည် မြိုင်ဆိုင်ပျော်ရွှင်ကြခြင်းဖြစ်သည်။ ကုန်းဘောင်ခေတ် စာဆိုအချို့၏ ဒုံးချင်းများမှ စာဆိုတို့၏ ဟာသညဏ်ကို တင်ပြထားပါ သည်။

**သော့ချက်ဝေါဟာရ** – ဒုံးချင်း၊ ဒုံးတိုက်၊ အာဝဇ္ဇန်း၊ ဒုံးစီးရုပ်၊ ဟာသညဏ်။

## နိဒါန်း

ဤစာတမ်းသည် ကုန်းဘောင်ခေတ်စာဆိုအချို့၏ ဒုံးချင်းကဗျာများမှ စာဆိုတို့၏ ဟာသညဏ်ကို ဖော်ထုတ်တင်ပြထားပါသည်။ ရယ်ခြင်းနှင့် ဆက်စပ်နေသော ဟာသကို လူသားတို့က ဖန်တီးကြသည်။ ဤစာတမ်း၏ရည်ရွယ်ချက်မှာ ဒုံးချင်းကဗျာများသည် စာဆိုတို့၏ ဟာသညဏ်ရည်ကြောင့် ပျော်ရွှင်စရာပွဲတော်ကို ဖန်တီးနိုင်ခြင်း ဖြစ်ကြောင်း ဖော်ထုတ်တင်ပြလိုခြင်းဖြစ်သည်။ လူသားတို့ပျော်ရွှင်ရယ်မောဖို့ကို စာဆိုတို့၏အာဝဇ္ဇန်းကြောင့် ဟာသရသကို ခံစားကြရသည်။ ကုန်းဘောင်ခေတ်စာဆို ဦးပုည၊ ဦးမင်းခေါင်၊ ဦးအင်းတို့၏ ဒုံးချင်းကဗျာများတွင် စာဆိုတို့၏ အာဝဇ္ဇန်းကို တွေ့ရသည်။ ဒုံးပြိုင်ပွဲမှ ဒုံးစီးရုပ်ကြီးတို့၏ ပုံပန်းသဏ္ဌာန်တို့ကို ရယ်စရာအဖြစ် တွေ့လာရခြင်းဖြစ်သည်။ ထို့ပြင် ဒုံးချင်း၏ သဘောသဘာဝကိုလည်း သိရှိရပါသည်။ စာဆို၏ ဟာသညဏ်ရည်က ထင်သာမြင်သာ ရှိလာမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

## ၁။ ဟာသသဘောသဘာဝ

လူ့ဘဝကို ငိုသံဖြင့်စ၍ ငိုသံဖြင့် ဆုံးသွားရသည်။ လူသည် ပြုံးရွှင်ရယ်မောခြင်းထက် ငိုယိုခြင်းက ပို၍ လွယ်ကူသည်ဟု ပညာရှင်များက ဆိုသည်။

လူ့ဘဝသည် ရခဲလှ၏။ ရခဲလှသော လူ့ဘဝတွင်ပြုံးရွှင်ရယ်မောနိုင်သောဘဝသည်ပို၍ ရခဲ၏။

တစ်နေ့သုံးခါ ရယ်မောနိုင်သူသည်ဆရာဝန်ခေါ်ရန်မလို။ ရယ်မောခြင်းသည် အကောင်းဆုံး ဆေးဖြစ်သည်ဟု ဆေးပညာရှိတို့ ဆိုသည်။ အားရပါးရ ရယ်လိုက်သောကြောင့်မျက်ရည်များ ကျလာသည့်အချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံးလှုပ်ရှားလိုက်သဖြင့် တစ်ကိုယ်လုံးရှိ အကြောများသည် သံလိုက်ဓာတ်ကဲ့သို့စီးဆင်းသွားကာ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့် ထိုက်သည်နှင့်မခြား ခံစားရသည်။

ထို့ကြောင့် လူသားတို့သည် ရယ်ခြင်းနှင့်ဆက်စပ်နေသော ဟာသကိုဖန်တီးခံစားကြရသည်။ ဟာသသည် ပြုံးခြင်းရယ်ခြင်းကိုဖြစ်ပေါ်စေတတ်သော အခြေခံအကြောင်းအရာပင် ဖြစ် သည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်၌ ဟာသကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ –

ရယ်ဖွယ်ရာ၊ စိတ်မြူးကြွရွှင်လန်းဖွယ်ရာ”[၂]

---

[၁] တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ကွန်ပျူတာတက္ကသိုလ်၊ မအူပင်

[၂] မြန်မာအဘိဓာန်၊ ၁၉၈၀၊ ၂၄၀။

ဟူ၍ဖွင့်ဆိုထားပါသည်။ ထိုဖွင့်ဆိုချက်ကိုကြည့်လျှင် ဟာသသည် ရယ်ရွှင်ဖွယ်ရာ၊ စိတ်ရွှင်မြူး လန်းဆန်းဖွယ်ရာတို့ကိုဖြစ်စေကြောင်းထင်ရှားစေပါသည်။ ထို့ကြောင့် ဟာသဟူသောအဓိပ္ပာယ်သည် ရယ်ခြင်း၊ ပျော်ရွှင်ခြင်းကို ဖြစ်ပေါ်စေသော အရာဟူ၍ ယေဘုယျဖွင့်ဆိုနိုင်ပါသည်။

ရယ်ခြင်းသည် လူသားတို့အတွက် ကျန်းမာခြင်းနှင့်လည်းဆိုင်သော နှစ်သက်သော အပြုအမူ တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဟာသမြောက်အောင်ရေးဖွဲ့သောစာများ ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။

မောင်ခင်မင်(ဓနုဖြူ)က–

> "ဟာသမြောက်အောင် ရေးလိုသော အခါမျိုးဖြစ်စေ၊ ထေ့လိုလှောင်ကို သရော်လိုသော အခါမျိုးမှာဖြစ်စေ၊ ရေးရိုးရေးစဉ်နှင့် မတူသော၊ မလိုက်ဖက်မဆီလျော်သော ရေးပုံမျိုးကို တမင်အသုံးပြုရေးလေ့ရှိကြပါသည်။ သုံးရိုးသုံးစဉ်နှင့်မတူသော ထူးခြားသွေဖီမှု၏ အာနိသင်က ထိထိရောက်ရောက် အသုံးပြုလျက်ရယ်ရအောင် ဖန်တီးခြင်း၊ လှောင်ပြောင်သရော်ခြင်းပြုတတ်ကြပါသည်။"[၁]

ဟူ၍သရော်ခြင်းဖြင့် ဟာသမြောက်သွားကြောင်း ထင်ရှားစေပါသည်။

ကုန်းဘောင်ခေတ်ဒွံ့ချင်းကဗျာများတွင် ဒွံ့ကကြရာ၌ တစ်ဖက်နှင့်တစ်ဖက် အပြိုင်သရော် လှောင်ပြောင်ကြခြင်းမှ ဟာသမြောက်သွားပုံမျိုးကိုတွေ့ရပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာသာရတ္ထသင်္ဂြိုလ်ကျမ်း၌လည်း –

> "ဟာသရသဆိုသည်မှာ ပြုံးမှုရယ်မှုပြယ်မှုမျိုးကို ဆိုလိုသည်" [၂]

ဟုဆိုထားသောကြောင့် ပြုံးမှုရယ်မှုအပြင် ပြယ်မှု (သရော်)ကိုပါ ထည့်သွင်းထားပါသည်။

ဆရာကြီးဦးသော်ဇင်က ဟာသကို အမျိုးအစားခွဲရာတွင်–

> "ရယ်ရွှင်မှုကိုဖြစ်စေသော ဟာသ၊ ရယ်ရွှင်ရသောဟာသသည် အနုအကြမ်းဟူ၍ နှစ်မျိုး ရှိ၏။ အချို့သည် သိမ်မွေ့စွာနှင့် ရယ်ရွှင်ရ၏။ အချို့မှာ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ရယ်ရ၏။ သိမ်မွေ့စွာနှင့် ရယ်ရွှင်ရမှု အနုပညာမြောက်သော ဟာသဌာယီဘာဝ၊ ဟာသရသဖြစ်ပေမည်။" [၃]

ဟူ၍ ဟာသ(၂)မျိုးရှိကြောင်း ဆိုထားပါသည်။

သို့ပါ၍ လူတို့၏ စိတ်ကို ရယ်ရွှင်နိုင်စေရန်အတွက် အနုပညာတို့ဖြင့် ဖန်တီးကြခြင်း ဖြစ်သည်။ ကဗျာအရေးအဖွဲ့များဖြင့်လည်း စာဆိုသည် ဟာသကို ဖန်တီးကြကြောင်း တွေ့ရပါ သည်။

## ၂။ ဒွံ့ချင်းကဗျာ၏သဘောသဘာဝ

ဒွံ့ကို ဒွံ့(ဃောသ)သံဖြင့်လည်းကောင်း၊ တုံး (အဃောသ)သံဖြင့်လည်းကောင်း ရေးသားခေါ်ဆိုခဲ့ ကြပါသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် –

"တုံး – န/တုန်း/ – သစ်သားသစ်ပင်တို့ကို ဖြတ်တောက်ထားသော အပိုင်းအစ။

ဒုံ – န/ ဒုန်း / – မီးလောင်ယမ်း၏ တွန်းအားကြောင့် အမြင့်သို့ဖြစ်စေ၊ အဝေးသို့ဖြစ်စေ၊ ပြေးထွက်သော တစ်ဖက်ပိတ်ကျည်၊ ဘီးတပ်၍ဖြစ်စေ၊ ကြိုးတန်း၍ ဖြစ်စေ၊

---

[၁] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၁၉၉၇၊ ၈၂။
[၂] မှိုင်း၊ ၁၉၅၅၊ ၁၅၁။
[၃] သော်ဇင်၊ ဦး၊ ၁၉၆၈၊ ၂၀၁၆။

> အလွတ်ဖြစ်စေ၊ ရှို့လွှတ်ရသည်၊ ထန်းတုံးထွင်းသော ဒုံးမှ ဝါးကျည်လုပ်သော ဒုံးအထိ အမျိုးမျိုးရှိသည်။"[၁]

ထို့ကြောင့် ဒုံးသည် သစ်တုံး၊ ထန်းတုံး၊ အတုံးအတစ်၊ အတုံးအခဲစသည်တို့၌ ပါရှိသောတုံးမှ အသံပြောင်းလာသော စကားဖြစ်သည။ ထို့ကြောင့် ဒုံးပြုလုပ်ရာတွင် သစ်သားကို အခေါင်းထွင်း ပြီး ပြုလုပ်ခြင်းဖြစ်ပါသည်။

အချင်းကဗျာ ၂၂ မျိုးတွင် ဒုံးချင်းကဗျာ ပါဝင်သည်။ ဒုံးချင်းဝေါဟာရကို လေ့လာလျှင် 'တုံး'၊ 'ဒုံး' ဟူသော စကားကို အခြေခံထားကြောင်း ကျမ်းအသီးသီးတွင် 'ဒုံးချင်း၊ ဒုန်းချင်း၊ တုံးခင်း၊ ခုန်းချင်း' ဟု အမျိုးမျိုးရေးသားကြကြောင်း တွေ့ရပါသည်။

ပုပ္ပား ဦးကျော်ရင်၏ ကဝိဘာရတီကျမ်း ပထမတွဲတွင်–

> "မြန်မာမှု၌ အကြမ်းပတမ်းသွက်လက်လျှင်မြန်စွာ တီးမှုတ်ရသော တီးချက်ကို ဒုံးတီးသည် ဒုံးတိုက်သည်ဟူ၍ ခေါ်ဆိုသည်။ ထိုတီးလုံး တီးကွက်ဒုံးချက်နှင့် လိုက်လျောအောင် ရေးသားရသော ကဗျာကို 'ဒုံးချင်း' ဟု ခေါ်ဆိုကြောင်း"[၂]

ဟုဖွင့်ဆိုထားပါသည်။

ဓမ္မာစရိယဦးထွန်းရွှေ၏ ကဗျာ့စွယ်စုံကျမ်းကြီးတွင် –

> "ဒုံးချင်းဟူသည် အချို့သော မြို့ရွာဒေသများ၌ ဘုန်းကြီးပျံ လောင်တိုက်တို့ကို ဈာပနာပြုချ မီးသင်္ဂြိုဟ်ကြသောအခါ ရိုးရိုးတန်းတန်းပကတိမီးတို့ဖြင့် သင်္ဂြိုလ်ခြင်း မပြုကြဘဲ အမြောက်သဏ္ဌာန် ပြောင်းတံ၌ ယမ်းစနက်မီးတို့ဖြင့် စီရင်ထားသော ဒုံးကိုလောင်တိုက်ရှိရာသို့ ကြိုးနှင့်သွယ်တန်းကာ ဒုံးလွှတ်ပြီးမီးသင်္ဂြိုလ် လေ့ရှိသည်။ ထိုဒုံးလွှတ်သောအခါ သီဆိုရသော ကဗျာသီချင်းကို "ဒုံးချင်း" ဟူ၍ ဆိုထားသည်။"[၃]

ဟ၍လည်းကောင်း၊

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် –

> "ဒုံးချင်းဟူသည် ဒုံးမီးကျည်များကို မီးရှို့ပစ်လွှတ် ဒုံးပွဲတွင် သီဆိုရသောသီချင်း၊ ဒုံးလွှတ်သောအခါ သီဆိုအပ်သော ကဗျာသီချင်းကို ဒုံးချင်းဟု ခေါ်ကြသည်။ "[၄]

ဟူ၍လည်းကောင်း၊

မြန်မာ့စွယ်စုံကျမ်းတွင် –

> "တုံးချင်းသည် ဘုရားပွဲတော်အခါများ၌ တုံးမတိုက်မီ တစ်ဖက်နှင့်တစ်ဖက်ပြိုင် ဆိုရသော သီချင်းတစ်မျိုးဖြစ်သည်။ "[၅]

ဟုဖွင့်ဆိုထားသည်။

ဆရာကြီးဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းတွင် —

> "ဘုရားပွဲတော်များတွင် ထူးဆန်းအံ့ဩဘွယ်ရာ အရုပ်ကြီးများကို ကောက်ရိုးဖြင့် ပြုလုပ်၍ အပြိုင်အဆိုင် ကပြသီဆိုကြသော သီချင်းဖြစ်သည်"[၆]

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၈၃။
[၂] ကျော်ရင်၊ ၁၉၇၂၊ ၅၀၄။
[၃] ထွန်းရွှေ၊ ၁၉၇၈၊ ၃၇၀။
[၄] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၈၃။
[၅] မြန်မာ့စွယ်စုံကျမ်း၊ ၁၉၇၈၊ ၁၆၇။
[၆] ဖေမောင်တင်၊ ၁၉၈၇၊ ၂၇၅။

ဟုဆိုထားပါသည်။

မြန်မာကဗျာများတွင် တေးဂီတနှင့်တွဲဖက်၍ သီဆိုရသော ကဗျာသီချင်းများရှိသကဲ့သို့ ကဗျာချည်းသက်သက် ရွတ်ဆိုရခြင်းလည်း ရှိပါသည်။ ဒုံးချင်းကဗျာသည် အကနှင့်တွဲဖက်သီဆိုရသော သီချင်းကဗျာအမျိုးအစားဖြစ်ပါသည်။ အများအားဖြင့် ယောကျာ်းများ သီဆိုသောသီချင်း ကဗျာဖြစ်သည်။

ဒုံးချင်းသီဆိုကပြရာတွင် လက်သီးလက်မောင်းတန်းကာ အားပါးတရ သီဆိုကပြရသည် ဖြစ်ရာ ကရင်တိုင်းရင်းသားတို့၏ ကရင်ဒုံးယိမ်းအက၊ ချင်းတိုင်းရင်းသားတို့၏ ဝါးညှပ်အကတို့နှင့် အခြေခံအားဖြင့် တူညီနေကြောင်းတွေ့ရပါသည်။ ထို့ကြောင့် ဒုံးချင်းကဗျာသည် အကနှင့်တွဲဆိုရသည့်အတွက် မြူးကြွသွက်လက်မှုရှိသော ကဗျာအဖြစ် တွေ့ရပါသည်။ ထို့အပြင်တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်သီဆိုလေ့ရှိကြသည်။ ဒုံးချင်းအဖွဲ့များကို လှောင်ပြောင်စပ်ဆိုကြသောကြောင့် ဟာသမြောက် သွားခြင်းဖြစ်သည်။ ဒုံးချင်းစာဆိုများကလည်းဟာသမြောက်သောအသုံးများဖြင့်ဖွဲ့ဆိုကြသည်ကို တွေ့ရပါသည်။

**၂။၁။ ဒုံးချင်းကဗျာ၏ မူလအစ**

မြန်မာတို့သည် ဘုရားပွဲများ၊ ဘုန်းကြီးပျံပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများတွင် ဒုံးလွှတ်လေ့ရှိ သည်။ ဒုံးလွှတ်မည့်၊ ဒုံးတိုက်မည့်ရွာအလိုက် ရပ်ကွက်အလိုက်၊ ဒုံးများပြုလုပ်ကြသည်။ ဒုံးလွှတ်ရန် သတ်မှတ်ထားသောနေရာသို့ လူစုလူဝေးနှင့်တပျော်တပါး သယ်ဆောင်လာကြသည်။ မိမိတို့ ဒုံးကောင်းကြောင်းကို သီချင်းဆို၊ သံချပ်ထိုး၊ ကခုတ်လျက်လာကြသည်။ မိမိတို့ ထမ်းလာသော ဒုံးပေါ်တွင် ဝါး၊ ကောက်ရိုးတိုးဖြင့် ဖိုးသူတော်ရုပ်၊ ဇီးကွက်ရုပ်၊ ပုဏ္ဏားရုပ်၊ တောင်သူကြီးရုပ် စသည့် နှစ်သက်ရာအရုပ်ကို ဒုံးစီးရုပ်အဖြစ် တင်ဆောင်ခဲ့ကြသည်။ ယင်းအရုပ်ကို အကြောင်းပြုလျက် ရွှင်မြူးစေရန်လည်းကောင်း၊ တစ်ဖက်သားအား ချိုးနှိမ်ရန်လည်းကောင်း၊ မိမိကိုယ်ကို ကိုယ်ရည်သွေး ဂုဏ်ဖော်ရန်လည်းကောင်း၊ ဖွဲ့ဆိုသီကုံးထားသောသီချင်းကို ဒုံးသီချင်းဒုံးချင်းဟု ခေါ်ပါသည်။ တစ်နည်းအားဖြင့် ဒုံးပို့သူများသီဆိုသော သီချင်းသည် ဒုံးသီချင်းဖြစ်ပါသည်။

ဒုံးချင်းစတင်ပေါ်ပေါက်ခဲ့သော ခေတ်ကာလကုန်းဘောင်ခေတ် ဒုတိယပိုင်း သက္ကရာဇ် (၁၁၄၄–၁၂၃၇) ၁၉–ရာစုတွင် ဖြစ်ပါသည်။

စတင်ရေးသားစပ်ဆိုခဲ့သူမှာ ဖိုးသူတော်ဦးမင်းဖြစ်သည်။ ဖိုးသူတော်ဦးမင်းသည် ဒုံးချင်းစပ်ဆိုမှုတွင် ကောင်းမွန်နိုင်နင်းလှပေသည်။ စာပြိုင်ဘက်ဖြစ်သော လူဦးမင်းကို ဒုံးချင်းများစပ်ဆိုကာ မခံချင်အောင် လှောင်ပြောင်သရော်ခဲ့ပါသည်။

နှောင်းခေတ်တွင် ကင်းဝန်မင်းကြီး၊ ဦးပုည၊ ဦးလန်း စသောပညာရှိများလည်း စပ်ဆိုခဲ့ကြသည်။ အထူးသဖြင့် ဦးပုညဒုံးချင်းများသည် ထင်ရှားသည်။

ဒုံးတွင် မင်္ဂလာဒုံး၊ ရိုးရိုးဒုံး၊ ရှေးပြေးဒုံး၊ ဒုံးပြန်၊ ဒုံးလူပြက်၊ ဒုံးလောင်မီး ဟူ၍ ဒုံးအမျိုးမျိုး ရှိပါသည်။

ဒုံးချင်းကဗျာ၏သဘောသည် စာနစာယဉ်အမျိုးအစားမဟုတ်ပါ။ စာသဘောမှာ အနည်းငယ်ကြမ်းပါသည်။ စာဆိုတို့သည် တစ်ဖက်က စာဆများ မခံချင်အောင် ဒုံးရုပ်လုပ်စေ၍ စာဖွဲ့ကြသည်။ ထိုစာတွင် တစ်ဘက်သား၏ အကြောင်းအရာကိုပြောင်ပြက်စောင်းချိတ်ချိုးခဲ့ရေးပြီး မိမိကိုယ်ကို ကိုယ်ရည်သွေးကာ အကောင်းထား၍ ရေးကြပါသည်။

ထို့ကြောင့် စာဆို၏ဟာသဉာဏ်ဖြင့် ဖွဲ့ဆိုရသောကဗျာဖြစ်သည်။ ဒုံးချင်းကဗျာသည် ဟာသဂုဏ်မြောက်သော ကဗျာ၊ ဟာသဉာဏ်ရွှင်စေသော ကဗျာမျိုးဖြစ်ပါသည်။ စာဆို၏ဟာသဉာဏ် အစွမ်းကိုလည်း မြင်သာထင်သာရှိစေပါသည်။

## ၃။ ဒုံးချင်းကဗျာနှင့် စာဆို၏ဟာသဉာဏ်

ကုန်းဘောင်ခေတ်ဒုတိယပိုင်း၌ ဒုံးချင်းကဗျာများပေါ်ပေါက်လာခြင်းဖြစ်သည်။ ဤစာတမ်းတွင် စာဆို ဦးပုည၊ ဦးမင်းခေါင်၊ ဦးအင်းတို့၏ဒုံးချင်းအချို့ဖြင့်စာဆို၏ဟာသဉာဏ်ကိုတင်ပြ သွားပါမည်။

ဦးပုည၏ ဒုံးချင်း(၆)ပုဒ်တွေ့ရပါသည်။ စာဆို၏ ဟာသဉာဏ်အစွမ်းကို ဗေဒင်စာပြောင် ဒုံးချင်းတွင် မြင်သာစေပါသည်။ ဗေဒင်ကျမ်းဂန်နှံ့စပ်ပုံကိုပါ သိရပါသည်။ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်ဖြင့် စုံလင်အောင် ပြဆိုသည်။

စာဆိုသည် မိမိသည် ဗေဒင်ကျမ်းဂန်တတ်ကျွမ်းပုံကို

"ဗေဒင်သုံးပုံ ဖွာဆန်ကြဲလို့၊ ဟောနဲပြောနဲ အတိုင်းမသိ၊

ဣတ္ထိပုရိသ၊ လက္ခဏာ၊ ဝရပတ် စကြာမွေကာနှောက်လို့၊

ဒိသာပါမောက် အမည်တွင်၊ ဗာဟိဗေဒင်ကျမ်းလုန္ဒိုက်နဲ၊

ငါဆိုလျှင် စွဲနေကြ၊ လွဲနိုင်ဘူး မှန်ပုံသေ၊ မယ်မယုံမေးလှဲ၊

ဟေးလုံမရေ" [၁]

ဟူ၍ ဒုံးချင်းစစချင်း စာဆိုသည် သူ၏ဂုဏ်ပုဒ်ကို ဖော်ကျူးပြလိုက်ပါသည်။ ဗေဒင်အရာမှာ ကျွမ်းကျင်သူဖြစ်သည်။ "မယ်မယုံမေးလှဲ့၊ ဟေးလုံမရေ" ဟူ၍ မယုံလာမေးပါဟု မိန်းမငယ်လေးကို ခေါ်လိုက်သော အာလုပ်စကားဖြစ်သည်။ ဗေဒင်ဆိုမိန်းကလေးအများစု ယုံကြည်ကြသည်။ မိန်းကလေး သဘာဝကိုလည်း ပြဆိုပါသည်။

မိမိ၏အချစ်ရေးကို သိချင်သူ မိန်းကလေးတစ်ဦး၏ ဟန်ပန်ကိုလည်း ဟာသမြောက် အောင် ဖွဲ့ဆိုထားပုံမှာ –

"ဇာတာပြတဲ့ အိုမခင်၊ စုတ်ဝင်လာဘ်ဝင် မေးမလို့လား၊ ပြုံးစက်

စက်နှင့် ရှက်လေဟန်၊ ငါရယ်ချင် ဟားဟား – ဟားဟား၊

မစိန်ရိုးနှင့် ထိုးလိုက်ကြံ၊ ယနေ့ နက်ဖန် ကားရား – ကားရား" [၂]

ဟူ၍ အချစ်ရေးကိစ္စလာမေးသူ မိန်းကလေး၏ရှက်နေဟန် ပေါ်လွင်ပါသည်။ မိန်းကလေးသဘာဝ ကို ဟာသမြောက်အောင်ပြဆိုထားပါသည်။

ကျန်းမာရေးကိုမေးသောသူကို ဟောပုံမှာလည်း –

"ဖျားရေးနာရေးမကြွင်းကျန်၊ တစ်သက်တန်အောင်၊ ငါဆိုခဲ့မည်။

အနာမဲ့လျှင် မာစစ်ရှိငဲ့၊ ရောဂါပြီလျှင် နာကိန်း ထွက်ချည့်၊

အသက်မရှိ ဘိတ်မရှူ၊ ဤလူသေပြီ၊ ရဲရဲဟောတော့" [၃]

ဟူ၍ ရောဂါရှိလျှင် နေမကောင်းဖြစ်မှာ အမှန်ပင်ဖြစ်သည်။ အသက်မရှူလျှင် သေပြီပဲဟူ၍ ပြောင်လှောင်ဟောပုံဖြစ်သည်။ဟာသမြောက်သောအဖွဲ့ဖြစ်သည်။ ထို့ပြင်ဗေဒင်မှ ဗေဒင်ယုံကြည် နေသူများကိုလည်း သတိပြုဆင်ခြင်နိုင်စေပါသည်။

ဗေဒင်စာပြောင်ဒုံးချင်းတွင် စီးပွားရေးနှင့်ပတ်သက်၍လည်း

"ဥစ္စာခနရှိ–မရှိကို၊ နတ်မျက်စိလို ဆရာဟောမယ်–ရွှေငွေပေါ်လျှင်၊

---

[၁] တင်ထွေး၊ ၁၉၉၁၊ ၁၄၅။

[၂] တင်ထွေး၊ ၁၉၉၁၊ ၁၄၅။

[၃] – ယင်း – ။

လူရည်တက်ပဲ၊ ရိက္ခာပြတ်လို့စင်အောင်မွဲလျှင်၊ သူဆင်းရဲတဲ့မလွဲပြီ၊

သွာရသတီ စောင့်တဲ့နှုတ်ဖျား”[၁]

ဟူ၍ ဦးပုည၏ ဟာသဉာဏ်ကို တွေ့ရပါသည်။ ဥစ္စာမရှိသူသည် သူဆင်းရဲ၊ ရွှေငွေပေါသူသည် လူချမ်းသာပဲဟု ဖေဒင်ဟောလိုက်ခြင်းဖြစ်သည်။ ဖေဒင်ဟောသူ၏ နှုတ်ကို သွာရသတီ နတ်သမီးစောင့်သည်ဟုလည်း စာဆိုသည် ကိုယ်ရည်သွေးပြလိုက်သည်။ ဒုံးချင်းကဗျာသည် လူစုလူဝေးနှင့် သီဆိုကြရာတွင် စာဆို၏ ဟာသဉာဏ်အစွမ်းကို ပေါ်လွင်စေသည်။

အစားအသောက်နှင့်ပတ်သက်၍ ဖေဒင်ဟောရာတွင်–

“ပဲခူးဆားခဲ၊ ငန်စမြ၊ ခွေးတောက်မုတ်ခဲ ခါးလိမ့်မည်၊ သံပုရာရည်

အချည်ကြီးငဲ့၊ ဂျင်းငရုတ်သီးစပ်ပူလောင်၊ ကမ္ဘာကုန်အောင် မှတ်ထားစမ်း”[၂]

ဟူ၍ ဟာသဉာဏ်အစွမ်းပြထားပုံဖြစ်သည်။စာဆိုဦးပုည၏ အာဝဇ္ဇန်း[၃] ကြောင့် ဟာသမြောက်ခြင်း ဖြစ်သည်။

ဆရာမကြီးဒေါ်ခင်မျိုးချစ်က–

“ဟာသ[၄] နှင့် အာဝဇ္ဇန်းမှာ တစ်ခုအပေါ်တစ်ခု ကျေးဇူးပြုသည်ကို တွေ့ရသည်။ အာဝဇ္ဇန်းမပါလျှင် ဟာသမြောက်နိုင်ပါမည်လောဟု စဉ်းစားဖွယ်ဖြစ်လာသည်။ အဖြစ်အပျက်ကိစ္စတစ်ခုသည် ရယ်ဘွယ်ကောင်းသည်ဟု မဆိုနိုင်စေကာမူ အာဝဇ္ဇန်းနှင့် အပြောကောင်း (ဝါ)အရေးကောင်းလျှင် ရယ်စရာဖြစ်သွားသည်ကို တွေ့ရသည်။”[၅]

ဟုဆိုထားပါသည်။

ဦးပုည၏ဖေဒင်စာပြောင်ဒုံးခင်းသည် စာဆို၏အာဝဇ္ဇန်းနှင့်အတူ ဖေဒင်အတတ်ကို တတ်ကျွမ်းသောကြောင့်သာ ဟာသမြောက်သည့် ဒုံးချင်းကဗျာအဖြစ် တွေ့ရပါသည်။

ဦးမင်းခေါင်၏ ဖိုးသူတော်ရုပ်ဘဲ့ဒုံးချင်းသည်လည်း ဖိုးသူတော်ရုပ်ပြုလုပ်ပြီး ဒုံးပွဲ၌သီဆိုကြသည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက်အနိုင်ပိုင်း၍ စောင်းချိတ်သီဆိုကြရသည်။

စာဆိုဦးမင်းခေါင်သည် လူဦးမင်း၏ တပည့် ဖြစ်သည်။ ထို့ကြောင့် ဖိုးသူတော်ဦးမင်းက လူဦးမင်းကို တောင်သူကြီးမျိုးရိုးဟုချိုးဖဲ့ဆိုသည်ကို မခံချင်၍ ဤဖိုးသူတော်ဒုံးချင်းဖြင့် ပြန်လည် ချေပပြောင်လှောင်ထားခြင်းဖြစ်သည်။

“သူတော်သူတော် မကျော်စောလား၊ ရွှေဝတစ်ကြောဖေယျာကို ။ ။

မဟာအမရနယ်တစ်ခွင်၊ စိပ်ပုတီးနှင့်အပြီးဖြေ၊ ကသိဏ်းဆယ်တွေ ကမ္မဋ္ဌာန်းနှင့်

ဘာဝနာခန်းအစုစု၊ ဂရုတစ်ခုမှုမထားဘူး၊ငါးပါးရှစ်ပါးဆယ်ပါးဆီ၊ မလာသီသီ

ပီပီဝေးသည်၊ တေးတျာနှင့် ရှင်”[၆]

ဟူ၍ ဖိုးသူတော်ဒုံးရုပ်ကြီးပြုလုပ်သည်။ ဘုရားတရားအလုပ်မလုပ်ဘဲ တေးသီချင်းများနှင့်သာ ပျော်နေသူဖြစ်သည်ဟု ပြောင်လှောင်သရော်လိုက်ခြင်းဖြစ်သည်။ စာဆို၏ ဟာသဉာဏ်ကြောင့် တစ်ဖက်နှင့်တစ်ဖက် မခံချင်ဖြစ်လာတော့သည်။ ပျော်စရာလည်းဖြစ်စေသည်။

---

[၁] – ယင်း – ။

[၂] – ယင်း – ၊ ၁၄၆။

[၃] Wit

[၄] humour

[၅] ခင်မျိုးချစ်၊ ၁၉၇၃၊ ၃၇။

[၆] မြန်မာစာညွှန့်ပေါင်းကျမ်း (ဒု–တွဲ)၊ ၁၉၉၂၊ ၁၀၅။

ဦးအင်း၏အဘိုးကြီးရုပ်ဒုံးချင်းတွင်လည်းစာဆို၏အာဝဇ္ဇန်းကြောင့်ဟာသမြောက်ခြင်းဖြစ်သည်။

"ရွှေဘိုကုန်းဘောင်တည်ထောင်စက၊ ဘေးလောင်းဘုရားငယ်ကျွန်ယုံ၊ ဂုဏ်ပြိုင်
ရုပ်ပြိုင်မဝါကြနှင့်၊ ပျို့ဦးသာစွာရုပ်များနောင် ကော်ရစ်ခါးကြောင်ဆောင် ပုတီးနှင့်၊
တံတိုကြီးနှင့်ကာလပေါ်၊ ဆယ့်ငါးနှစ်မှ ချစ်စိတ်ဝင်၊ အပျိုပျံသင်ဗျာဆံ ဝိုက်ကယ်၊
လာလိုက်ခဲ့ခေါ်" [၁]

ဟူ၍ ဒုံးရုပ်သည် အဘိုးကြီးအိုရုပ်လုပ်ထားသည်။ အသက်ကကြီးနေပြီးဖြစ်သည်။ အလောင်း ဘုရား၏ ငယ်ကျွန်ကြီးပင် လုပ်ခဲ့သည့်သူဖြစ်သည်။ သို့သော် ပတီးကြီးဆွဲထားပြီး ၁၅–နှစ်ရွယ်အပျိုဖြန်းလေး ကိုမှ မျက်စိကျတတ်သူဖြစ်သည်ဟု ဟာသမြောက်အောင်ဖွဲ့ဆိုထားသည်။

အဘိုးကြီးသာဖြစ်နေသည်–

"ဇင်ဖြူတစ်လိုက်၊ ဖြန်တစ်ကျိုက်၊ ဘင်းဘိန်ရှိုက်လို့ စိတ်ကြိုက်ပျော်၊
အသရော်မှာ ခေါင်ကမှတ်တော့ ဆေးဒန်၊ ဒန်သက်စက်တူပါ၊ သုတဘင်နာလုပ်တဲ့အတတ်" [၂]

ဟူ၍ အရက်သောက်၊ ဘိန်းရှူ၊ ဆေးဒန်သောက်နေသူဖြစ်သည်။ မိုက်သည့်နေရာတွင် အခေါင် အဖျားဖြစ်သည်ဟု ဆိုထားသည်။ ထို့ပြင် အရက်ကို ဇင်ဖြူ၊ ဖြန် ဟူသော အသုံးကိုလည်း သိရ သည်။ စာဆို၏ အာဝဇ္ဇန်းကြောင့် အဘိုးကြီးအိုသာ ဖြစ်သည်မဟုတ်တဲ့အလုပ်များဖြင့်သာ ပျော်ပါးနေသူဖြစ်သည်ဟု ဟာသဉာဏ်ရွှင်ရွှင်ဖြင့် ဖွဲ့ထားသည်။

"ဘယ်အနိစ္စ၊ ဘယ်ဒုက္ခ၊ တရားမရမဆင်ခြင်၊ အပျိုမြင်မျက်ချိုပြလို့" [၃]

ဟူ၍ ဘုရား၊ တရားမလုပ်ပဲ အပျိုလေးများကိုသာ လိုက်ကြည့်နေသည်ဟု ပြောင်လှောင် လိုက်သည်။

ဤဒုံးချင်းသည် ဒုံးရုပ်လုပ်ထားသည်က အဘိုးကြီးအိုရုပ်ကြီး ဖြစ်သည်။ သို့သော် သီဆိုသော ဒုံးချင်းအဖွဲ့မှာ အဘိုးကြီးနှင့် မလိုက်ပြမှုနေထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံတို့ကို ထည့်သွင်း ဖွဲ့ဆိုထားသည်။ စာဆိုဦးအင်း၏ ဟာသဉာဏ်ရွှင်ပုံပင်ဖြစ်သည်။ ပျော်ရွှင်စရာဒုံးပွဲ မြင်ကွင်းကိုလည်း မြင်သာစေ ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဒုံးချင်းကဗျာသည်ဒုံးလွှတ်ပွဲများ၊ ပျော်ပွဲရင်ပွဲများပြုလုပ်သည့်အခမ်းအနားများတွင် သီဆိုသော အချင်းကဗျာဖြစ်သည်။ အဖွဲ့လိုက်ပြိုင်ဆိုင်လေ့ရှိကြသည်။ မိမိအဖွဲ့နိုင်ရေးကိုအလေးထားကြ ကြောင်း လည်း ဒုံးချင်းကဗျာက သာဓကဆောင်နေပါသည်။

ထိုသို့ ပြိုင်ဆိုင်ကြ၍လည်း မိမိတို့ အနိုင်ရရှိရန် တစ်ဖက်လူကို စောင်းချိတ်နှိမ်နင်းရန် အတွက် ဒုံးစီးရုပ်များပြုလုပ်သည်။ ထိုဒုံးစီးရုပ်ပေါ်မူတည်ပြီး စာဆိုများကလည်း စပ်ဆိုကြခြင်း ဖြစ်သည်။

ကုန်းဘောင်ခေတ်စာဆိုများဖြစ်သည့် ဦးပုည၊ ဦးမင်းခေါင်၊ ဦးအင်း တို့သည် ဒုံးချင်း ကဗျာများစပ်ဆိုရာတွင် စာဆိုတို့၏ အာဝဇ္ဇန်းဖြင့် ဟာသဉာဏ်ရွှင်သော ဒုံးချင်းများဖြစ်လာပါသည်။ ဒုံးချင်းကဗျာ၏သဘောသဘာဝအတိုင်း သွက်လက်မြန်ဆန်သောအဖွဲ့များလည်းဖြစ်သည်။ ဒုံးစီးရုပ်ကို ဖွဲ့ထားသောကြောင့်လည်း ဒုံးချင်းကဗျာကို ဖတ်နေရချိန်တွင် ထိုအရုပ်ကြီး၏ပုံသဏ္ဍာန်ကို မြင်ယောင် လာစေသည်အထိ စာဆို၏ဒုံးချင်း ကဗျာကလွှမ်းမိုးနိုင်သည်ကို တွေ့ရပါသည်။ စာဆိုဦးအင်း၏

[၁] – ယင်း – ၊ ၁၀၆။
[၂] – ယင်း – ။
[၃] – ယင်း – ။

အဘိုးကြီးအိုရုပ်ဒုံးချင်းတွင် အဘိုးကြီးအို၏ ပုံပန်းသဏ္ဌာန်သာမက စိတ်သဘောထားကိုပါ ဟာသ မြောက်စွာ တွေ့မြင်လာရပါသည်။

ထို့အတူ ဦးပုည၏ ဗေဒင်စာပြောင်ဒုံးချင်းသည်လည်း စာဆို၏အာဝဇ္ဇန်းနှင့် ဗေဒင်ပညာ တတ်ကျွမ်းမှုကို ပေါင်းစပ်လိုက်သောကြောင့် ဟာသအဖွဲ့ကောင်းသည် ဒုံးချင်းတစ်ပုဒ်ဖြစ်လာ ပါသည်။

ဒုံးသီချင်းသည်အဖွဲ့လိုက်ပြိုင်ဆိုင်ရာ၌အဖွဲ့လိုက်အားနှင့်မာန်နှင့်ရွတ်ဆိုကြသည်။ထိုသို့ပြိုင်ဆို င်ရာတွင် စာဆိုချင်းလည်း ပြိုင်ကြကြောင်းကို ဦးမင်းခေါင်၏ ဒုံးချင်းကဗျာက သာဓကဖြစ်ပါသည်။ ဖိုးသူတော်ရုပ်ပြုလုပ်ပြီး ဟာသဉာဏ်ရွှင်ရွှင်ဖြင့် စပ်ဆိုထားသည်ကို တွေ့ရ သည်။

## နိဂုံး

ဒုံးချင်းကဗျာသည် ဒုံးလွှတ်ပွဲများတွင် သီဆိုရသော သီချင်းကဗျာတစ်မျိုးပင်ဖြစ်သည်။ ဘာသာ ရေးပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြစ်သည်နှင့်အညီ ပျော်ရွှင်စေရန် ရည်ရွယ်၍ ဒုံးလွှတ်ပွဲများပြုလုပ်ကြခြင်း ဖြစ်သည်။ ထိုပွဲတွင် သီဆိုရသော ဒုံးသီချင်းသည် ပျော်စရာရွှင်စရာသာ ရေးဖွဲ့ရမည်သာဖြစ် သည်။ ထို့ကြောင့် စာဆိုတို့၏ အာဝဇ္ဇန်းကောင်းသည်နှင့်အမျှ ဟာသဉာဏ်ရွှင်သော ဒုံးချင်း အဖွဲ့ကောင်းများကို တွေ့ရှိရပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ရင်၊ ဦး၊ ပုပ္ပား။ (၁၂၉၆)။ *ကဝိဘာရတီကျမ်း (ပထမတွဲ)*။ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၇)။ *စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း* ။ ရန်ကုန်၊ အားမာန်သစ် ပုံနှိပ်တိုက်။

တင်ထွေး။ (၁၉၉၁)။ *ဦးပုညစာပန်းကုံးများ (ဒုတိယတွဲ)*။ ရန်ကုန်၊ ကြေးမုံသတင်းစာတိုက်။

ထွန်းရွှေ၊ ဦး။ (၁၉၇၈)။ *ကဗျာစွယ်စုံကျမ်းကြီး (ပဉ္စမကြိမ်)*။ ရန်ကုန်၊ မဟာပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၈၇)။ *မြန်မာစာပေသမိုင်း (စတုတ္ထအကြိမ်)*_။ ရန်ကုန်၊ စံပယ်ဦးစာပေ။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ *မြန်မာအဘိဓာန် (ဒုတိယအကြိမ်)* ။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

**မြန်မာစာညွှန့်ပေါင်းကျမ်း**။ (၁၉၉၂)။ ဒုတိယတွဲ၊ ရန်ကုန်၊ မြန်မာ့အလင်းသတင်းစာတိုက်။

**မြန်မာ့စွယ်စုံကျမ်း**။ (၁၉၇၈)။ ရန်ကုန်၊ စာပေဗိမာန်စာအုပ်တိုက်။

သော်ဇင်၊ ဦး။ (၁၉၆၅)။ ရန်ကုန်၊ စာပေဗိမာန်စာအုပ်တိုက်။

သော်ဇင်၊ ဦး။ (၁၉၆၅)။ *ကဗျာလမ်းညွှန်*။ ရန်ကုန်၊ သောကြာစာအုပ်တိုက်။

ဟာသစာပေစာတမ်း။ (၁၉၃၇)။ *အနောက်တိုင်းဟာသစာပေ*။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။